
(ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်) (Draft Version)

**ခရုမှတစ်ဆင့်ကူးစက်တတ်သော**

**ရှစ်စ်တိုဆိုမာရေးစစ် (Schistosomiasis)**

**ရောဂါအကြောင်း သိကောင်းစရာ**



## ခရုမှတစ်ဆင့်ကူးစက်တတ်သော ရှစ်စ်တိုဆိုမာရေးစစ် ရောဂါဆိုတာဘာလဲ?



*Lissachatina fulica*




*Oncomelania*



*Biomphalaria*

Schistosomiasis ရောဂါ (သို့မဟုတ်) Bilharziasis ရောဂါ (သို့မဟုတ်) Snail Fever ဆိုသည်မှာ သံပြားကောင်တစ်မျိုးဖြစ်သော *Schistosoma* မျိုးစိတ်မှဖြစ်ပွားသော ရောဂါတစ်မျိုးဖြစ်ပြီး ၎င်းပိုးကို ခရုများကတစ်ဆင့် သယ်ဆောင်လာသည်။ ရောဂါကူးစက်ခံ ခရုပေါက်ပွားမှုများသော ရေချို ရေကန်များ၊ လယ်ကွင်းများ၊ စမ်းချောင်းများ၊ ရေလှောင်ကန်များ၊ ရေလှောင်တမံများနှင့် ဆည်ရေတမံများရှိသော ဒေသများ၌ အဖြစ်များသော ရောဂါလည်းဖြစ်ပါသည်။

## ရှစ်စ်တိုဆိုမာရေးစစ် ရောဂါ မည်သို့ကူးစက်ခံရနိုင်သလဲ?




- **ရှစ်စ်တိုဆိုမာရေးစစ်**ရောဂါပိုးရှိ လူ၊ကျွဲ၊နွားတို့၏ ဆီး၊ မစင်မှတဆင့်ပါလာသော *Schistosoma* Species (မျိုးစိတ်) များ၏ ဥများသည် ရေချို ရေကန်၊ စမ်းချောင်း၊ ရေလှောင်တမံထဲသို့ ရောက်ရှိလာပြီးနောက် ၎င်းဥမှပေါက်ဖွားလာသော ဥပေါက်သားကောင်လေးများ (Miracida) သည် ခရုကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက်၍ တွယ်ကပ်နေပြီး **သားလောင်းအဆင့်သို့ ကူးပြောင်းသွားပါသည်။ ၎င်းနောက် ကူးစက်ခံ ခရုမှတဆင့် စွန့်ထုတ်လိုက်သော သားလောင်း (Cercariae) လေးများ ပေါက်ဖွားနေသော ရေချိုရေနှင့် လူ၏အရေပြား တိုက်ရိုက်ထိတွေ့မှုမှတစ်ဆင့် ကူးစက်စေပါသည်။**

## ရှစ်စ်တိုဆိုမာရေးစစ် ရောဂါလက္ခဏာ တွေက ဘာတွေလဲ?


- ရောဂါလက္ခဏာများအဖြစ် ရှစ်စ်တိုဆိုမာရေးစစ် ရောဂါပိုးကူးစက်ခံရပြီး (၂) ပတ် မှ (၁၂) ပတ်အတွင်း၌ အရေပြား၌ယားယံသော အဖုအပိမ့်ထွက်ခြင်း၊ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ဝမ်း ပျက်ဝမ်းလျှောခြင်း၊ ချောင်းဆိုးခြင်းနှင့် ကိုယ်လက်နာကျင် ကိုက်ခဲခြင်းတို့ ခံစားရနိုင်ပါသည်။ နာတာရှည်ရောဂါ လက္ခဏာများ

အဖြစ် ဗိုက်အောင့်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ဆီးထဲ သွေးပါခြင်း၊ ဆီးပူ၊ ဆီးအောင့်ခြင်း၊ ချောင်းဆိုး ခြင်း၊ ချောင်း ဆိုးသွေးပါခြင်းတို့ ခံစားရနိုင်ပြီး အသည်း၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း တို့ ပျက်စီးစေနိုင်ပါသည်။

## ရှစ်စ်တိုဆိုမာရေးစစ် ရောဂါကိုမည်သို့ စမ်းသပ် စစ်ဆေးနိုင်သလဲ?







ဆီးနှင့်မစင်နမူနာများကို အဏုဇီဝမှန်ပြောင်းဖြင့် စမ်းသပ်စစ်ဆေးခြင်း၊ Polymerase Chain Reaction (PCR) နည်းဖြင့် စမ်းသပ် စစ်ဆေးခြင်း၊ သွေးရည်ကြည်အား ELISA ဖြင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းနှင့် လိုအပ်ပါက အသားစ နမူနာများ အားလည်း စမ်းသပ်စစ်ဆေးနိုင်ပါသည်။

## ရှစ်စ်တိုဆိုမာရေးစစ် ရောဂါကို မည်သို့ကုသနိုင်သလဲ?

**PRAZIQUANTEL**

**သောက်ဆေး**



**ရှစ်စ်တိုဆိုမာရေးစစ်** ရောဂါကို ကာကွယ်ပေးမည့် ကာကွယ်ဆေးမရှိသေးပါ။ Praziquantel သောက်ဆေးဖြင့် ထိရောက်စွာကုသမှုပေးနိုင်ပါသည်။

## ခရုစားခြင်းဖြင့် ရှစ်စ်တိုဆိုမာရေးစစ်ရောဂါ ကူးစက်ခံရနိုင်သလား?

❖ စနစ်တကျချက်ပြုတ်ထားသော ခရုအား စားသောက်ခြင်းဖြင့် မကူးစက်နိုင်ပေ။

## ရှစ်စ်တိုဆိုမာရေးစစ် ရောဂါကို မည်သို့ကာကွယ်နိုင်သလဲ?

ရှစ်စ်တိုဆိုမာရေးစစ် ရောဂါအဖြစ်များသော ဒေသရှိ စမ်းချောင်း၊ ရေကန်များ၌ ရေချိုးခြင်းနှင့် ၎င်းရေများနှင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ယင်လုံအိမ်သာစနစ်တကျသုံးစွဲခြင်း၊ သန့်ရှင်း သောသောက်ရေသုံးရေသုံးစွဲခြင်း၊ တစ်မိနစ်အထက် ကျိုချက်ထားသော ရေအား သောက်ရေသုံးရေအဖြစ် သုံးစွဲခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သူများ အနေဖြင့် လည်ရှည်ဖိနပ်၊ လက်အိပ်တို့ အသုံးပြုခြင်း ဖြင့် ထိရောက်စွာ ကာကွယ်နိုင်ပါသည်။





- ✓ ယင်လုံအိမ်သာစနစ်တကျသုံးစွဲပါ။
- ✓ သန့်ရှင်းသော သောက်ရေ၊ သုံးရေကိုသုံးစွဲပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊
ဖုန်း-၀၆၇-၃၄၃၁၄၃၂/ ၀၆၇-၃၄၃၁၄၃၃
ဖက်စ်- ၀၆၇-၃၄၃၁၄၃၄